ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားသမဂ္ဂများအဖွဲ့ချုပ်(တရားဝင်)ဖြစ်မြောက်ရေး ဗဟိုကော်မတီ
ရန်ကုန်တက္ကသိုလ်များ ကျောင်းသားသမဂ္ဂမှ ထုတ်ဝေသည်။ 1962 Rangoon University Student Union Bldg:-



သတင်းစာ



၁၉၆၂-ခုနှစ်၊ ဇူလိုင်လ (၇) ရက်နေ့တွင် စစ်အစိုးရမှ ဖြိုခွဲခဲ့သော သမိုင်းဝင် ရန်ကုန်တက္ကသိုလ် ကျောင်းသား သမဂ္ဂ အဆောက်အဦးပုံ။

အမှတ်(၁) ၁၉၈၈-ခုနှစ်၊ စက်တင်ဘာလ (၂၂) သောကြာနေ့။

# ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသား သမဂ္ဂ ဖြစ်မြောက်ရေး ဗဟိုကော်မတီ(ယာယီ) ဖွဲ့စည်း

## တက္ကသိုလ်နှင့်ကောလိပ် ကျောင်းများအသီးသီးမှ လာရောက် ဆက်သွယ်

ရန်ကုန် ဩဂုတ် ၃၀

ဗမာနိုင်ငံလုံး ဆိုင်ရာ ကျောင်းသား သမဂ္ဂ ဖြစ်မြောက်ရေးအတွက် မြန်မာတနိုင်ငံလုံးရှိ ကျောင်းသားသမဂ္ဂများနှင့် အခြား အဖွဲ့ များမှ ဆက်သွယ်နိုင်ရန်အတွက် ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသား သမဂ္ဂဖြစ်မြောက်ရေး ဗဟိုကော်မီတီကို (ယာယီ) ဖွဲ့စည်း လိုက်ကြောင်း သတင်းရရှိသည်။

ရန်ကုန် မြို့ပေါ်ရှိ ဒေသ ကောလိပ် အသီးသီးမှ ကျောင်းသား ကျောင်းသူများ ကိုယ်စားလှယ်များ အပြင် အထက်တန်းများနှင့်အလယ်တန်းကျောင်းများမှ ကျောင်းသားကျောင်းသူများ၊ ကျောင်းသား ကိုယ်စားလှယ်များလည်း လာရောက် ဆက်သွယ်လျက် ရှိသည်။

ယင်းသမဂ္ဂဖြစ်မြောက်ရေး (ယာယီ) အဖွဲ့သို့ လာရောက်၊ ဆက် သွယ် သော ကျောင်းသားအဖွဲ့အစည်းပေါင်း (၅၀) ကျော်ကိုစုစည်းထားကြောင်းနှင့် အခြား အဖွဲ့များနှင့်လည်း ဆက်လက် ညှိနှိုင်း စုစည်းလျက် ရှိကြောင်း သိရှိရ၏။



ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများ သမဂ္ဂ ဖြစ်မြောက်ရေး (ယာယီ) ပထမအကြိမ်ညီလာခံ၌ ဥက္ကဋ္ဌ မင်းကိုနိုင် မိန့်ခွန်း ပြောကြားစဉ်။

## ဗဟန်းယူနစ်ရုံး သိမ်းယာနှင့် ကျောင်းသားသိမ်း

ရန်ကုန် ဩဂုတ် ၃၀

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် ရွှေဂုံတိုင် မီးပွိုင့်အနီးရှိ ဗဟန်းမြို့နယ် ပါတီယူနစ်ရုံးအား ဗဟန်းမြို့နယ် ရဟန်းပျိုအဖွဲ့နှင့် ကျောင်းသားများက သိမ်းပိုက်ပြီး ရုံးရှေ့ရှိ ဆိုင်ရာ ဆိုင်းဘုတ်များကို ဖြုတ်ချ၍ သာသနာ့အလံ လွှင့်ထူထားရှိ၏။ ထို့ပြင် ရုံးရှေ့၌ ပါတီယူနစ်ရုံးအား ရဟန်းပျိုအဖွဲ့နှင့် ဗဟန်းလူထုက သိမ်းသိမ်းထားသည်ဟု ရေးသားထားသည်ကိုလည်း တွေ့ရှိရ၏။

## နိုင်ငံခြားရေးဌာန သံပိတ်အဖွဲ့မှ မိန့်ခွန်းချက်

ရန်ကုန် ဩဂုတ် ၃၀

မြန်မာနိုင်ငံခြားရေး ဝန်ထမ်းများက မိဘပြည်သူများအားအောက်ပါအတိုင်း တင်ပြပါသည်—

ကျွန်ုပ်တို့သည်နိုင်ငံဝန်ထမ်းများ ဖြစ်ကြသည့် အားလျော်စွာ အမိနိုင်ငံတော်နှင့် ပြည်သူလူထု၏ ကျေးဇူးသစ္စာကို ထာဝစဉ် စောင့်သိရှိသေကြပါသည်။

မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီ ဦးဆောင်သည့် အစိုးရသည် ကမ္ဘာ့အလယ်တွင် မြန်မာနိုင်ငံ၏ ဂုဏ်သိက္ခာကို ညှိုးနွမ်းစေသည့် အပြုအမူများကို လုပ်ဆောင် နေသဖြင့် ကျွန်ုပ်တို့ များစွာ စိတ်မချမ်း မသာ ဖြစ်ကြရပါသည်။

လွတ်လပ်၍ တက်ကြွသော နိုင်ငံခြားရေး ဝါဒဟု ဆိုသော်လည်း အနှစ်သာရ မပါရှိသည့် လုပ်ရပ်များကို တာဝန်အရ အကောင်အထည်ဖော် ဆောင်ရွက် နေရခြင်းအတွက် ကျွန်ုပ်တို့ အထူးပင် မျက်နှာငယ်ခဲ့ကြရပါသည်။

တစ်ချိန်က ကမ္ဘာ့ အလယ်တွင် ဂုဏ်သိက္ခာ မြင့်မားခဲ့သည့် နိုင်ငံတော်၏ အဆင့်အတန်းကို အမြန်ဆုံး ပြန်လည်ရရှိရေးအတွက် အစွမ်းကုန် ကြိုးပမ်း ဆောင်ရွက် ကြမည်ဟု အလေးအနက် အမိုင်ဝန် ပြုပါသည်။





## ကျောင်းသား သမဂ္ဂ၏ အစဉ်အလာ

ကျောင်းသားများ သမဂ္ဂသည် မြန်မာ့ နိုင်ငံရေး သမိုင်းတွင် အစဉ်အလာ ကြီးမားသော အခန်းကဏ္ဍမှ ပါဝင်ခဲ့သည်။ ၁၉၂၀ ခုနှစ်တွင် စတင် ဖွဲ့စည်းခဲ့သည့် အချိန်မှစ၍ ဒီမိုကရေစီ ပညာရေးအတွက် တိုက်ပွဲ ဝင်ခဲ့သည်။ အမျိုးသားပညာရေးစနစ် ရရှိအောင် တိုက်ပွဲ ဝင်ခဲ့သည်။ ၁၉၃၆ ခုနှစ် နောက်ပိုင်းတွင် နယ်ချဲ့ဆန့်ကျင်ရေး ဦးတည်ချက်ဖြင့် ကျောင်းသားများ သမဂ္ဂသည် ပြည်သူတစ်ရပ်လုံး အကျိုးစီးပွားကို ရှေးရှုကာ ခေတ်ပြိုင် နိုင်ငံရေး အဖွဲ့အစည်းများနှင့်အတူ တိုက်ပွဲ ဝင်ခဲ့သည်။ လွတ်လပ်ရေး ရပြီးခေတ်တွင် ပြည်တွင်းစစ်မီးလျှံများ ပြင်းထန်စွာ တောက်လောင်ခဲ့ချိန်၌ ငြိမ်းချမ်းရေး လှုပ်ရှားမှုများတွင် ကျောင်းသား သမဂ္ဂသည် ပါဝင် လှုပ်ရှားလာခဲ့သည်။ ပြည်သူလူထု တစ်ရပ်လုံးအတွက် ဒီမိုကရေစီ ဆိတ်သုဉ်း ကင်းမဲ့လာသည့် အခြေအနေများတွင်ဒီမိုကရေစီ ရရှိရေးအတွက် တိုက်ပွဲ ဝင်ခဲ့သည်။


ထို့ကြောင့် စစ်ကြိုခေတ်၊ စစ်ပြီးခေတ်၊ လွတ်လပ်ရေးခေတ် တစ်လျှောက်လုံးတွင် ကျောင်းသား သမဂ္ဂ၏ ကိုင်စွဲခဲ့သော မူသည်–

(က) ဒီမိုကရေစီပညာရေး
(ခ) နယ်ချဲ့ဆန့်ကျင်ရေး
(ဂ) ဒီမိုကရေစီရေး
(ဃ) ငြိမ်းချမ်းရေး

ဟူသော အခြေခံ အချက်ကြီး လေးချက်ပေါ်တွင် ရပ်တည် တိုက်ပွဲဝင်ခဲ့ကြောင်း တွေ့ရသည်။

၁၉၆၂ ခုနှစ်၊ ဇူလိုင်လ(၇)ရက်နေ့တွင် ကျောင်းသား သမဂ္ဂ အဆောက်အဦး ဖြိုခွဲခံခဲ့ရပြီး ၁၉၆၄ ခုနှစ်တွင် အသင်းအဖွဲ့ အားလုံး မတရားသင်း ကြေညာခံခဲ့သည့် အချိန်မှစ၍ ကျောင်းသားများ သမဂ္ဂသည်လည်း မြေအောက်အသွင်သို့ ရောက်ခဲ့ရာမှ တဖြည်းဖြည်း ပျောက်ကွယ်ခဲ့ရသည်။

ယနေ့အချိန်တွင် ကျောင်းသားများ သမဂ္ဂသည် ယမ်းငွေ့များ၊ သွေးအိုင်များကြားမှ ပြန်လည်ရှင်သန်လာခဲ့ပါပြီ။ ကျောင်းသားအရေးမှစ၍ အမျိုးသား နိုင်ငံရေး၊ ဒီမိုကရေစီရေး၊ အာဏာရှင်စနစ် ဖြုတ်ချရေးတို့ အတွက် ပြည်သူများနှင့် လက်တွဲ၍ တိုက်ပွဲ ဝင်ခဲ့ပါပြီ။ ရှေ့ဆက်လက်၍ တရားမျှတပြီး လူ့အခွင့်အရေး ပြည့်ဝ၍ စစ်မှန်သော ဒီမိုကရေစီ ရရှိသည့် နိုင်ငံတော်ကြီး ဖြစ်လာရေးအတွက် ရဟန်းရှင်လူ၊ ပြည်သူတစ်ရပ်လုံးနှင့် ညီညွတ်စွာ လက်တွဲ၍ တိုက်ပွဲ ဝင်ကြရန် နှိုးဆော်လိုက်ပါသည်။ ။




## ‘ပဲခူးထောင်ဖွင့်ပေးလိုက်ပြီ’

ပဲခူး ဩဂုတ်(၃၀)

ပဲခူး မြို့ရှိ ပဲခူး အကျဉ်းထောင်မှ အကျဉ်းသား အတော်များများကို အာဏာပိုင်များက လွှတ်ပေးလိုက်ကြောင်းနှင့် ပစ်ခတ် အကြမ်းဖက်မှု လုံးဝ မရှိကြောင်း သိရသည်။

ယခုအခါ ပဲခူး အကျဉ်းထောင်၌ နှင်ကြီးသမား အကျဉ်းသား(၅၀)ခန့်သာ ဆက်လက်ထိန်းသိမ်းထားကြောင်း ပဲခူးမြို့မှ သတင်းရရှိသည်။

## သမဂ္ဂ စည်းရုံးရေး ရဲဘော်များ နယ်ဆင်းပြီ

ရန်ကုန် ဩဂုတ်(၃၀)

ရန်ကုန် တက္ကသိုလ်များ ကျောင်းသား သမဂ္ဂမှ စည်းရုံးရေး ရဲဘော်များသည် နယ်မြို့အသီးသီးရှိ တက္ကသိုလ်ကျောင်းများ သမဂ္ဂများနှင့် ကျောင်းသား ရဲဘော်များအား တွေ့ဆုံ၊ ဆွေးနွေး၊ စည်းရုံးရန်အတွက် ယနေ့မှစ၍ ရန်ကုန်မြို့မှ စတင် ထွက်ခွာသွားကြောင်း သိရှိရ၏။

# ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားသမဂ္ဂများအဖွဲ့ချုပ် (တရားဝင်) ဖြစ်မြောက်ရေး ဗဟိုကော်မတီ

## ရန်ကုန် တက္ကသိုလ်များ ကျောင်းသားသမဂ္ဂ၏ တရားဝင် နိုင်ငံရေး တောင်းဆိုချက်များ

၁။ တစ်ပါတီစနစ် ဖျက်သိမ်းပြီး လက်ရှိ အာဏာပိုင်အဖွဲ့အစည်းများအားလုံး နုတ်ထွက်ပေးရန်။
၂။ စစ်မှန်သော ကြားဖြတ်ပြည်သူ့အစိုးရကို ချက်ချင်းဖွဲ့စည်းပေးရန်။
၃။ ကြားဖြတ် ပြည်သူ့အစိုးရသည် ပြည်သူများကို နိုင်ငံရေး အသိအမြင် ပွင့်လင်း လာစေပြီး ဒီမိုကရေစီ စနစ်ကို မှန်ကန်စွာ ကျင့်သုံးနိုင်မည့် အခြေအနေ အခွင့်အလမ်းများ ပေါ်ထွန်းလာစေရန်၊သတင်းနှင့် စာနယ်ဇင်းများကို ခြွင်းချက်မရှိ လွတ်လပ်ခွင့် ပေးရန်။
၄။ ကြားဖြတ် ပြည်သူ့အစိုးရသည် သင့်တော်သော ကာလတွင် စစ်မှန်သော ပြည်သူ့ကိုယ်စားလှယ်များနှင့် ဖွဲ့စည်းထားသော ကော်မရှင် တစ်ရပ်ဖြင့် တရားမျှတသော ရွေးကောက်ပွဲကို ကြီးကြပ်ကျင်းပပေးရန်။
၅။ အထွေထွေ ရွေးကောက်ပွဲမှ ရွေးချယ် တင်မြှောက်လိုက်သော ကိုယ်စားလှယ်များဖြင့် တိုင်းပြုပြည်ပြုလွှတ်တော်ကို ဖွဲ့စည်း၍ လက်ရှိ မြန်မာနိုင်ငံ အခြေအနေနှင့် ကိုက်ညီမည့် ဖွဲ့စည်းပုံ အခြေခံ ဥပဒေသစ်တစ်ရပ်ကို ရေးဆွဲတင်ပြရန်။
၆။ ကြားဖြတ် ပြည်သူ့အစိုးရ၏ သက်တမ်းသည်(၂)နှစ်ထက် မပိုစေရ။




# ဘန်ကောက်မြို့ အလှူခံ

ရန်ကုန် ဩဂုတ် ၃၁ (ဖုန်းသတင်း)

မြန်မာနိုင်ငံတဝန်း ဒီမိုကရေစီ ရရှိရေး ဆန္ဒပြပွဲများ အတွင်း စစ်တပ်၏ ပစ်ခတ်မှုကြောင့် ဒဏ်ရာရရှိသူများ နှင့် သေဆုံးသူများအား ကူညီ ထောက်ပံ့ရန်အတွက် ကွယ်လွန်သူ ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်ဟောင်း ဦးသန့် ၏ သမီး ဒေါ်အေးအေးသန့်က ဘန်ကောက် မြို့တွင် ရံပုံငွေတစ်ရပ် ဖွင့်လှစ်ရာ လှူဒါန်းသူ များပြား လျက်ရှိကြောင်း စုံစမ်းသိရှိရ၏။

---

ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသား သမဂ္ဂများ အဖွဲ့ချုပ် (တရားဝင်) ဖြစ်မြောက်ရေး ဗဟိုကော်မတီမှ ရန်ကုန် ဆေးရုံကြီးဝင်း အတွင်း၌ သမဂ္ဂ အဖွဲ့ဝင် ပုံစံများ ထုတ်ပေးနေပုံ။




# သပိတ်အင်အား ဖြိုခွင်းရေး အကြံဆိုး အာဏာသိမ်းပွဲ အပါအဝင် နည်းမျိုးစုံ ဦးနေဝင်းအုပ်စု စည်းလားရိုက်နေ

အထူး သတင်းထောက် ထံမှ

ရန်ကုန် စက်တင်ဘာ ၁

မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီနှင့်ပါတီခေါင်းဆောင်တို့၏ ကံကြမ္မာသည် တပ်မတော်၏ လက်ထဲတွင် ရှိနေသည်။ တပ်မတော် အနေဖြင့် သပိတ်အင်အားစုတို့နှင့် မပူးပေါင်းသရွေ့ လမ်းစဉ်ပါတီ ဆက်လက် ရှင်သန် နေနိုင်သည် ဟူသော သုံးသပ်ချက်ဖြင့် သပိတ် အင်အားစုများ ဖြိုခွင်းချေမှုန်းရေး အစီအမံတရပ်ကို ဩဂုတ် ၂၃ ရက်တွင် လမ်းစဉ်ပါတီ ဥက္ကဋ္ဌဟောင်းဦးနေဝင်း၏နေအိမ်၌ ကျင်းပခဲ့သည့် အရေးပေါ် အစည်းအဝေးက ချမှတ်လိုက်သည်ဟု သိရသည်။

အစည်းအဝေးတွင်သဘာပတိအဖြစ် ဦးနေဝင်းက ဆောင်ရွက်ပြီး ဦးစိန်လွင်၊ ဒေါက်တာမောင်မောင်၊ သူရ ဦးထွန်းတင်၊ သူရဦးကျော်ထင်၊ ဗိုလ်ချုပ်ကြီး စောမောင်၊ စန္ဒာဝင်း၊ သော်တာဝင်း၊ကြေးမုံဝင်း (ဦးနေဝင်း၏ သမီးများ)နှင့် ဝန်ကြီး အားလုံး စစ်ဘက် ထိပ်တန်း ခေါင်းဆောင်များ တက်ရောက်ကြသည်။

အစည်းအဝေးမှ ချမှတ်လိုက်သည့် သပိတ်အင်အားစု ဖြိုခွင်းရေး အစီအစဉ်အရ ပထမ အဆင့်အဖြစ် ပြည်သူနှင့်ကျောင်းသား သွေးခွဲရေး၊ ဒုတိယ အဆင့်အဖြစ် အမာခံ ကျောင်းသားခေါင်းဆောင် အလွှာကို သုတ်သင် ချေမှုန်းရေး လုပ်ငန်းများကို လုပ်ဆောင် သွားမည်ဖြစ်သည်။

ပထမ အစီအစဉ်အဖြစ် မြန်မာနိုင်ငံအနှံ့အပြားသို့ ထောက်လှမ်းရေး တပ်ဖွဲ့ဝင်များကို စေလွှတ်ပြီး မင်းမဲ့စရိုက်လုပ်ငန်းများပြုလုပ်စေခြင်းဖြင့်တိုင်းပြည် တခုလုံး ကျီးလန့်စာစား အဖြစ်သို့ ရောက်စေမည်၊ ထိုအဖြစ်မျိုးသို့ ရောက်လာလျှင် ကြားထိုင်နေသော လူထုက အစိုးရအား ကိုးစား ချဉ်းကပ်လာမည်။ ထို့ပြင် ယင်းသို့ ကသောင်းကနင်း ဖြစ်မှုများကို ပါတီစုံ စနစ်၏ ဆိုးကျိုးများ အဖြစ် ထင်မြင်လာမည် ဖြစ်သည်။

ဒုတိယ အစီအစဉ် အရ ဝါတီစုံ ဒီမိုကရေစီ လှုပ်ရှားမှု ခေါင်းဆောင်ပိုင်း စာရင်းကို ပြုစုပြီး ကျောင်းသားခေါင်းဆောင်များနှင့်အတူ သုတ်သင် ချေမှုန်းရေးအတွက် ထောက်လှမ်းရေးတပ်ဖွဲ့များကို အသုံးပြုမည် ဖြစ်သည်။

ယင်းလုပ်ငန်းများကို လုပ်ဆောင်ရန် ကာလ အပိုင်းအခြားသတ်မှတ်ထားရာ ပထမကာလအပိုင်း အခြားအဖြစ် ဒေါက်တာမောင်မောင် ရာထူးတည်မြဲနေချိန်ကာလ အပိုင်းအခြား ဖြစ်သည်။ ဒုတိယ ကာလအပိုင်းအခြာ မှာ ဆန္ဒခံယူပွဲ ကာလ အပိုင်း အခြား ဖြစ်သည်။ တတိယကာလအပိုင်းအခြားမှာ အထွေထွေ ရွေးကောက်ပွဲ ကာလ အပိုင်းအခြား ဖြစ်သည်။

ပထမကာလ အပိုင်းအခြား အတွင်း တိုင်းပြည် ဗရုသုကဲ ဖြစ်လာလျှင် ထိုကာလအတွင်း စစ်တပ်က အာဏာသိမ်းရန် ဖြစ်သည်။

သို့မဟုတ်ပါက ဆန္ဒခံယူပွဲ ကာလ အတွင်း ပြည်သူတို့၏ ဆန္ဒ သဘောထား ဦးတည်ချက်ကို ထောက်လှမ်းပြီး ပါတီစုံ ဘက်သို့ ရှေ့ရှုနေရိုး မှန်လျှင် ထိုကာလ အပိုင်းအခြားအတွင်း အာဏာ သိမ်းရန် ဖြစ်သည်။

နောက်ဆုံး အနေအထားမှာ ရွေးကောက်ပွဲ မကျင်းပမီ တတိယ ကာလ အပိုင်းအခြားအတွင်း အာဏာသိမ်းမှုကို မဖြစ်မနေပြုလုပ်ရန် ဖြစ်သည်။

အာဏာ သိမ်းပွဲ ပြုလုပ်သည်နှင့် တင်ပြိုင်နက် ကြိုတင် ပြုစုထားသော စာရင်းများအရ သုတ်သင် ခြင်း မခံရသေးသော ကျောင်းသားခေါင်းဆောင် များ၊ စာပေနှင့် အနုပညာရှင်များ၊ ရှေ့နေများကို ဖမ်းဆီးရန် ဖြစ်သည်ဟု သိရသည်။

## သခင်ချစ် ဘယ်လဲ

ဗဟိုတရားရုံး ရှေ့နေများ ကောင်စီ၏ ဥက္ကဋ္ဌ သခင်ချစ် သည် ဒီမိုကရေစီနှင့် ငြိမ်းချမ်းရေးအဖွဲ့တွင် အဖွဲ့ဝင် တစ်ဦးအဖြစ် ပါရှိသာရာ (၃၁၊၈၊၈၈) နေ့တွင် ကျင်းပပြုလုပ်သော ဗဟိုတရားရုံး ရှေ့နေများ ကောင်စီ အစည်းအဝေးမှသခင်ချစ်သည် ဗဟို တရားရုံးရှေ့နေများ ကောင်စီ ကိုယ်စားလှယ် အနေဖြင့် ပါဝင်ပတ်သက်ခြင်း မဟုတ်ကြောင်းနှင့် ဗဟို တရားရုံးရှေ့နေများကောင်စီ အနေဖြင့်အဖွဲ့အစည်း များတွင် ကိုယ်စားလှယ် ပါဝင်ရန် ရည်ရွယ်ချက် မရှိကြောင်းနှင့် (၂၈၊၈၊၈၈) နေ့ကဖွဲ့စည်းခဲ့သော ကျောင်းသား သမဂ္ဂနှင့် ကျောင်းသား လှုပ်ရှားမှု ကြီးကြပ်ရေးကော်မတီကို ဗဟိုတရားရုံး ရှေ့နေများ ကောင်စီမှ ဆက်လက် ထောက်ခံကြောင်း ကြေငြာ ချက်တွင် ပါရှိ၏။

## မြောက်ဥက္ကလာ မင်းအောင်

မြောက်ဥက္ကလာပ အရေးအခင်းတွင် မြန်မာ့ အသံ ရုပ်မြင်သံကြားမှ လွှင့်ထုတ်ပြောကြားခဲ့သော မင်းအောင် ဆိုသူအား အင်းစိန်ထောင် အတွင်းမှ အထွက်တွင် အင်းစိန်မြို့ အမျိုးသား ဒီမိုကရေစီ ညီညွတ်ရေးတစ်ဦးမှ ထိန်းသိမ်း၍ အင်းစိန် ဆေးရုံ၌ ထားရှိကြောင်း သတင်းရရှိ၏။

# အင်းစိန်ထောင်ဆူပူမှု အရေးအခင်း

ရန်ကုန် ဩဂုတ် (၃၀)

ရန်ကုန်မြို့ အင်းစိန် အကျဉ်းထောင် အတွင်း ၁၉၈၈၊ ဩဂုတ်လ (၂၆) ရက်နေ့က အကျဉ်းသားများနှင့် ထောင်ဝန်ထမ်းများ ပဋိပက္ခဖြစ်၍ ဆူပူမှုများ ဖြစ်ပွားခဲ့ကြောင်း သိရသည်။ ထောင်ဝန်ထမ်းများက အကျဉ်းသားများကို ပစ်ခတ် ထိန်းသိမ်းသဖြင့် အမြောက်အများ သေဆုံးပြီး အများအပြား ဒဏ်ရာ ရရှိသွားသည်ဟု သိရသည်။ ဒဏ်ရာရသူများအနက် အကျဉ်းသား (၁၀၉) ဦးသည် အင်းစိန်ဆေးရုံ၌ အတွင်းလူနာအဖြစ် တက်ရောက် ကုသမှု ခံယူနေရကြောင်း သတင်း ရရှိသည်။

ယင်း ဒဏ်ရာရ အကျဉ်းသားများထဲတွင် မီးယက်နမ်လူမျိုး အမျိုးသားတစ်ဦး မှာလည်း လက်တွင် ဒဏ်ရာ ရရှိလျက် ဆေးရုံတွင် တက်ရောက် ကုသမှု ခံယူနေရ၏။ ၎င်း၏ ပြောဆိုချက်အရ မီးယက်နမ် အမျိုးသား (၁၃) ဦး၊အမျိုးသမီး (၃) ဦး စုစုပေါင်း (၁၆) ဦးမှာ လွန်ခဲ့သော (၁၀) နှစ်ကျော်မှ စ၍၊ တောင်မီးယက်နမ် အား၊ မြောက် မီးယက်နမ် မှ ဝင်ရောက် သိမ်းပိုက်စဉ် ထွက်ပြေးလာခဲ့ကြခြင်းဖြစ်ကြောင်းနှင့် ယခုအခါ အမျိုးသားတစ်ဦးနှင့် အမျိုးသမီးတစ်ဦးတို့မှာ သေဆုံးသွားပြီ ဖြစ်၍ ကျန်လူ (၁၄) ဦး အား ပြင်သစ်သံရုံး မှ တဆင့် ဒုက္ခသည် စခန်းသို့ သွားရောက်လိုကြောင်း ပြောပြ အကူအညီ တောင်းခံလျက် ရှိ၏။

ယင်း လူနာများအတွက် စာပေနှင့် အနုပညာရှင်များအဖွဲ့မှ အလှူငွေ ငါးရာကျပ် သွားရောက် လှူဒါန်းကြောင်းနှင့် မြို့နယ် အဖွဲ့အစည်းများမှလည်း လာရောက် လှူဒါန်း ကူညီ ဆောင်ရွက်ပေး လျက်ရှိကြောင်း သတင်း ရရှိသည်။



သတင်းစာ

အမှတ်(၁)၊ ၁၉၈၈-ခုနှစ်၊ စက်တင်ဘာလ(၂)ရက်၊ သောကြာနေ့

"မောင်တို့ ကျောင်းသားများဟာ အမျိုးသား အောင်ပွဲနေ့ အရေးတော်ပုံက စတင်ပြီး နယ်ချဲ့ ဆန့်ကျင်ရေး၊ လုံးဝ လွတ်လပ်ရေး၊ အမျိုးသား စီးပွားရေး တည်ဆောက်ရေး၊ အမျိုးသား ပညာရေးစနစ် ထူထောင်ရေး တိုက်ပွဲများမှာ အဆင့်ဆင့် ရှဲရှဲတောက် ပါဝင်လာခဲ့ကြတဲ့ ကောင်းမြတ်လှတဲ့ရာဇဝင် အစဉ်အလာကို ထိန်းသိမ်း စွဲကိုင်ကြယင်း တိုင်းပြည်နဲ့ လူမျိုးအဖို့ အကျိုးရှိစေမယ့် ပညာရေးစနစ်ကြီး ထွန်းကားလာရေးအတွက် အစွမ်းကုန်ကြိုးစားဆောင်ရွက်ကြလိမ့်မယ်လို့ ယုံကြည် မျှော်ကိုးယင်း....။

(သခင်ကိုယ်တော်မှိုင်း)



(ဆရာကြီး သခင် ကိုယ်တော်မှိုင်း ၏ ရန်ကုန် တက္ကသိုလ် ကျောင်းသားများ သမဂ္ဂမှ ထုတ်ဝေသော (၂၅) နှစ်မြောက် အိုးဝေ မဂ္ဂဇင်းအတွက် ပေးပို့သော သဝဏ်လွှာမှ ကောက်နှုတ်ချက်။)

# လူ့အခွင့်အရေး ကော်မရှင်မှ အရေးယူ ဆောင်ရွက် နေပြီ

ရန်ကုန်မြို့၌ ဖြစ်ပွားခဲ့သော အရေးအခင်းနှင့် ပတ်သက်ပြီး တာဝန်ရှိသူများမှ ဖွဲ့စည်းပုံ အခြေခံဥပဒေကို ဂျနီဗာကောင်း၊ ပြစ်မှုဆိုင်ရာ ဥပဒေနှင့် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး ဥပဒေပါ ပြဋ္ဌာန်းချက်များကို ဖောက်ဖျက်ခဲ့သည့်အတွက် မြန်မာနိုင်ငံလုံးဆိုင်ရာ ဒီမိုကရေစီ တိုက်ပွဲဝင် ရှေ့နေများ ကော်မတီမှ ဗဟိုတရားရုံး ရှေ့နေ တစ်ဦးက ဂျီနီဗာမြို့တွင် ရုံးထိုင်သော ကုလသမဂ္ဂ လူ့အခွင့်အရေး ကော်မရှင်သို့ တင်ပြ တိုင်ကြားခဲ့ရာ လူ့အခွင့်အရေးကော်မရှင်မှ တရားဝင်စာ ပြန်ကြားခဲ့ပြီး အရေးယူ ဆောင်ရွက်နေပြီ ဖြစ်ကြောင်း သတင်းရရှိ၏။

# မြဝတီ ပုံနှိပ်တိုက် တပ်မတော်လက် ပြန်အပ်

ယခင် ကာကွယ်ရေးဝန်ကြီးဌာန ဘီအိုင်စီ လက်အောက်ခံ ဖြစ်ခဲ့သော မြဝတီ ပုံနှိပ်တိုက်ကို ဩဂုတ် ၃၀ တွင် ပြန်ကြားရေး ဝန်ကြီးဌာန လက်အောက်မှ ကာကွယ်ရေး ဝန်ကြီးဌာန လက်အောက်သို့ လွှဲပြောင်း ပေးလိုက်သည်။ မြဝတီပုံနှိပ်တိုက်သည် မြဝတီ၊ ငွေတာရီ၊ မိုးသောက်ပန်း၊ တေဇ၊ အသုရာ စသည့် စာစောင်များ ထုတ်ဝေ ဖြန့်ချိနေသည့် ပုံနှိပ်လုပ်ငန်းကြီးဖြစ်သည်။ နိုင်ငံရေး၊ စာနယ်ဇင်း လွတ်လပ်ခွင့်နှင့် အလုပ်သမားရပိုင်ခွင့်များကို မြဝတီ့လုပ်သားထုက တောင်းဆိုထားသည်။ မြဝတီတိုက်ကို အခြား အဖွဲ့အစည်းများသို့ လွှဲပြောင်းပေးခြင်းကို လုံးဝ ဆန့်ကျင်ကြောင်းဖြင့်လည်း ကန့်ကွက်ထားသည်။

# ထောင်မှ အပြန်

ရန်ကုန် ဩဂုတ် ၃၀

အင်းစိန် အကျဉ်းထောင် အတွင်း ဆူပူအကြမ်းဖက်မှုများဖြစ်ပွားပြီးနောက် အကျဉ်းထောင်မကြီးမှ အချုပ်သား (၅၆၂)ဦးနှင့် ထောင်ကျအကျဉ်းသား (၁၀၂)ဦး၊ စုစုပေါင်း (၆၆၄)ဦး တို့အား လွှတ်ပေးပြီး ဖြစ်ကြောင်း သက်ဆိုင်ရာမှ သတင်းရရှိ၏။

အင်းစိန် အကျဉ်းထောင်မှ လွတ်မြောက်လာသူအချို့နှင့် တွေ့ဆုံမေးမြန်းရာတွင် လွတ်မြောက်လာသူတို့က မိမိတို့မှာ မိခင်း၊ ဖခင်း၊ သားတကွဲ မယားတကွဲ ဖြစ်နေရာ ထောင်မှ လွတ်မြောက် လွတ်ခြင်း မိမိတို့ နေအိမ်သို့ အမြန်ဆုံး ပြန်ရောက်လိုသော ဆန္ဒတစ်ပါး အခြား ဘာမျှ မရှိပါကြောင်း၊ ပြည်သူ ပြည်သား အပေါင်း တို့အား လည်း ဒီမိုကရေစီ တိုက်ပွဲဝင် အောင်မြင်မှုကြောင့် မိမိတို့ ယခုလို လွတ်မြောက် ခဲ့ရခြင်း ဖြစ်၍ ရှိခိုး ကန်တော့ပါကြောင်း ပြောကြားသွားသည်။



ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသား သမဂ္ဂများ အဖွဲ့ချုပ် (တရားဝင်) ဖြစ်မြောက်ရေး ဗဟိုကော်မတီ ပထမအကြိမ် ညီလာခံ (၂၈၊၈၊၈၈) အစည်းအဝေး အပြီးတွင် ကျောင်းသား ကျောင်းသူများ ရန်ကုန်မြို့ အတွင်းသို့ အေးချမ်း ညီညွတ်စွာ ဆန္ဒပြ ချီတက်လာစဉ်။

(ရှေ့ပုံ) စာပေနှင့် အနုပညာရှင်များက ရန်ကုန်ဆေးရုံကြီးအတွင်း ဟောပြောနေစဉ်။ (နောက်ပုံ) ရန်ကုန်တိုင်း ပြည်သူ့ရဲတပ်ဖွဲ့မှူးရုံးမှ ရန်ကုန်မြို့တွင်းသို့ ဆန္ဒပြ လှည့်လည်လာစဉ်။

# ကျောက်တံတား မြို့နယ် ပါတီယူနစ်နှင့် မြို့နယ် ကောင်စီများ နှုတ်ထွက် အလင်းဝင်

ရန်ကုန်တိုင်း ကျောက်တံတားမြို့နယ် ပါတီယူနစ် ဥက္ကဋ္ဌ ဦးမြသိန်း နှင့် ယူနစ်ကော်မတီဝင်များ၊ မြို့နယ် ကောင်စီဝင်များ၊ ရပ်ကွက် ကောင်စီဝင်များ၊ ပါတီဝင်များသည် တညီတညွတ်တည်း မိမိတို့၏ သဘောဆန္ဒ အလျောက် နှုတ် ထွက်ကြောင်း လက်မှတ် ရေးထိုး၍ မြို့နယ်အတွင်းရှိ လမ်းအသီးသီးတွင် ကြေငြာထားသည်ကို တွေ့ရှိရ၏။ ဘီဘီစီသတင်း ဌာနမှ လည်း (၃၁၊၈၊၈၈) နေ့တွင် အတည်ပြု ကြေငြာသွား၏။

မြို့နယ်အတွင်းရှိ လုပ်သား ပြည်သူများ၊ ကျောင်း သား- ကျောင်းသူများက လက်ခုပ် ဩဘာ ပေး၍ ကြိုဆို ကြ၏။

